**Recent Myanmarese Books from Myanmar – Aug 2023**

**Mary Martin Booksellers Pte Ltd**
**Blk 231, Bain Street**
**#03-05, Bras Basah Complex**
**Singapore 180231**
**Tel : +65-6883-2284/6883-2204**
info@marymartin.com
www.marymartin.com

မဟာရာဇဝင်ကြီး (အတွဲ ၁)/ဦးကုလား
Myanmar : ဦးသိမ်းမင်း 2023
1v. 20x27cm.

USD : 30.00 / PB
1124 gm.

https://www.marymartin.com/web?pid=853620

---

မဟာရာဇဝင်ကြီး (အတွဲ ၂)/ဦးကုလား
Myanmar : ဦးသိမ်းမင်း 2023
1v. ; 20x27cm.

USD : 30.00 / HB
1150 gm.

https://www.marymartin.com/web?pid=853621

---

စနေမောင်မောင်နှင့် မြေလျှိုးမိုးပျံဂိုဏ်း/မင်းသိခ်
Myanmar : ဦးဝင်းဇော် 2023
USD : 9.00 / PB

https://www.marymartin.com/web?pid=853622

---

ပွဲစားကြီးသားအဖနှင့် မြမြ/ပီမိုးနင်း
Myanmar : ဦးစန်းဦး 2023
USD : 3.00 / PB

https://www.marymartin.com/web?pid=853623

---

ဝတ္ထုတိုပေါင်းချုပ်သစ်/ကြည်အေး
Myanmar : ဦးစန်းဦး 2023
1000p. ; 14x29cm.
9789997131690

USD : 37.50 / PB
1176 gm.

https://www.marymartin.com/web?pid=853624

စာရေးဆရာမကြီး ကြည်အေး၏ ဘဝတစ်သက်တာ ရေးခဲ့သမျှ ပင်ကိုရေးဝတ္ထုတို အားလုံးနီးပါးဖြစ်သည့် ပုဒ်ရေ ၁၀၀ တိတိ အပြင် ဘာသာပြန်လက်ရာ ဝတ္ထုလေးပုဒ်လည်း ပါဝင် သော စာအုပ်ဖြစ်သည်။မြန်မာ စာပေနယ်တွင် အရေးအသားအရရော၊ အတွေးအခေါ်အရပါ ထူးခြား ပြောင်မြောက်ပြီး ခံစားချက်ကို နက်နက်ရှိုင်းရှိုင်း ထိတွေ့ ပေးနိုင်သော စာရေးဆရာမဖြစ်သူ၏ အထင်ကရ လက်ရာမွန်များ စာအုပ်ဖြစ်သည်။

---

ကိုယ်ပိုင်ရောဂါ/အကြည်တော်
Myanmar : ဆုပြည့်စုံထွန်း 2023
USD : 7.50 / PB

https://www.marymartin.com/web?pid=853625

---

ရွက်မရှိလျှင် တက်၊ တက်မရှိလျှင် လက်ချည်းလှော်မည် = The Serpent and the Staff/မြတ်ငြိမ်း = Frank Yerby
Myanmar : ဦးစန်းဦး 2023
452p. ; 13x21cm.
9789997131515
USD : 15.00 / PB
422 gm.

https://www.marymartin.com/web?pid=801509

Frank Yerby ရေးသားသော သည်းထိတ်ရင်ဖိုဝတ္ထုဖြစ်သည့် The Serpent And The Staff ကို ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ ၁၉ ရာစု အစောပိုင်းကာလက ရည်မှန်းချက်ကြီးကြီးဖြ င့် ကြိုးစားရုန်းကန်ရင်း အောင်မြင်လာသော နာမည်ကျော်ခွဲစိတ်ဆရာဝန်တစ်ဦး၏ ဘဝကိုရေးဖွဲ့ ထားခြင်း ဖြစ်သည်။ အသက် (၃၀) ကျော်လေးမှာပင် အထူးထူးသော ကောင်းခြင်းအောင်မြင်မှုများ ရရှိကာ သာယာပျော်ရွှင်ဖွယ် အိမ်ထောင်ရေးဖြင့် နာမည်ကျော်ဆရာဝန်တစ်ယောက် အချစ်စစ် အတွက် အရာရာကိုစွန့်လွှတ်၊ ဘဝကို အသစ်က ပြန်စဖို့ဆုံးဖြတ်ခဲ့ပြီးနောက် ကြုံတွေ့ရသည့် အမျိုး မျိုးသော အခက်အခဲ၊ စိန်ခေါ်မှုများနှင့် သူ့ဘဝ၏ အနိမ့်အမြင့်အတက်အကျများကို ရသစွက်၍ ဇာတ်လမ်းဆင် ရေးသားထားခြင်း ဖြစ်သည်။

---

ထောင်နှင့် လူသား/လူထုဦးလှ
Myanmar : ဦးငြိမ်းချမ်း 2023
302p. ; 12x18cm.

USD : 10.50 / PB
242 gm.

https://www.marymartin.com/web?pid=853626

အကြောင်းအမျိုးမျိုးကြောင့် ထောင်ထဲသို့ ရောက်ခဲ့ရသော သတင်းစာဆရာ စာရေးဆရာ လူထုဦးလှသည် ထောင်ထဲတွင်လည်း သတင်းစာဆရာပီပီ ထောင်ကျ အကျဉ်းသား များ၏ ဘဝကို စိတ်ဝင်စားမိရာမှ အကျဉ်းကျကာလ ၃ နှစ် ၃ လ ၇ ရက်အတွင်း အကျဉ်းသား ၂၅၀ နှင့် တွေ့ဆုံစကားပြောမိသည်ဟု ဆိုသည်။ ထိုကဲ့သို့ စကားပြောမိရာမှ သိရှိလာရသော သူတို့ဘဝ သူတို့အကြောင်းကို ဤစာအုပ်တွင် စိတ်ဝင်စားဖွယ် တင်ပြထားခြင်းဖြစ်သည်။ ထိုထိုအကျဉ်းကျ ထောင်သားများအနက် ဖဆပလထဲမှ ကွန်မြူနစ်ပါတီကို ထုတ်ပစ်ချိန် လက်နက်မှုဖြင့်၊ ဓားပြမှုများ ဖြင့် ထောင်ထဲသို့ရောက်လာသူ မောင်ထွန်းတင်၊ အစိုးရငွေ အလွဲသုံးစားမှုဖြင့် ထောင်ကျနေသူ လျှပ်စစ်ဓာတ်အားပေးရုံ ငွေကောက်အလုပ်သမား ရှန်းဘေဟာရီး၊ ဗိုလ်ချုပ်တို့ကို ဦးစောလုပ်ကြံ ရာတွင် ပါဝင်ခဲ့သည့် ကိုသုခ၊ ထူးဆန်းသော ဓားပြလူသေမှုဖြင့် ဘုရားဒကာကြီး ဦးစံညွှန့်၊ နိုင်ငံကူး လက်မှတ်မရှိမှုဖြင့် ဖမ်းခံရသည့် ဆလုံတိုင်းရင်းသား မူကြော၊ မသကာမှုဖြင့် အချုပ်ခံရသည့် အခြေအနေမဲ့ မောင်တင်၊ အင်္ဂလိပ်ပြန်အဝင် ဂျပန်အပြေးခေတ်က မှုခင်းဖြင့် အကျဉ်းကျခံရသူ မောင်လွန်းအောင်၊ ငွေစက္ကူ ငွေဒင်္ဂါးအတုလုပ်မှုဖြင့် ထောင်ထဲရောက်လာသူ ဦးဝ၊ သေနတ်မကိုင်ဖူး သူနှင့် ပစ်သတ်မှုနှင့် ဦးသာညို၊ ထောင်ဒဏ် နှစ်ပေါင်း ၆၀ ကျော် အပြစ်ပေးခံထားရသူ မောင်ပေါက် စည်၊ နိုင်ငံခြားသို့ ငွေလိမ်ပို့သောအမှုဖြင့် အမ် ဘီဂျေယာဒတ်စ်၊ အချစ်ကြောင့် သေဆုတောင်းခဲ့သူ အမြတို့၏ စိတ်ဝင်စားဖွယ် ဖြစ်ရပ်မှန် နောက်ကြောင်းကို သိရှိကြရမည်ဖြစ်သည်။ စာပေဗိမာန် စာမူဆုရ စာအုပ် (SapayBeikman Manuscript Literary Award Winner Book)

---

မင်းမှုထမ်း Paul Burrell : A Royal Duty/ဝင်းငြိမ်း

Myanmar : ငါတို့ 2023

550p. ; 13x20cm.
9541756000100
USD : 21.00 / PB
530 gm.

https://www.marymartin.com/web?pid=852816

ဒိုင်ယာနာမင်းသမီး၏ ဘဏ္ဍာစိုးဖြစ်သူ Paul Burrellရေးသားသည့် A Royal Dutyကို ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ မင်းသမီးနှင့် အနီးကပ်နေခဲ့ရ၍ မင်းသမီး၏ ကိုယ်ရေးကိုယ်တာ ကိစ္စများကို အတွင်းကျကျ သိရှိထားသည့် Paul Burrellက ယခုစာအုပ်တွင် သူ၏ ငယ်ဘဝ၊ ဘာ ကင်ဟမ် ရွှေနန်းတော်သို့ မွေးရာဇာတိမြေကို စွန့်ပြီး စားဖိုဆောင်တွင် ပန်းကန်ဆေးသူအဖြစ် ရောက်ရှိလာပုံ၊ ထိုမှ ဘုရင်မကြီး၏ မင်းမှုထမ်း၊ ထိုနောက် အဆင့်ဆင့် ရာထူးတက်လာကာ ရွှေ မင်းသမီး ဒိုင်ယာနာ၏ ဘဏ္ဍာတော်ထိန်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပုံ၊ ဘာကင်ဟမ် ရွှေ နန်းတော်၏ တင်းကြပ်လှသော စည်းမျဉ်းစည်းကမ်းများကြားတွင် ဒိုင်ယာနာ နေထိုင်ခဲ့ရပုံ၊ ချားလ်စ်မင်းသား၏ အိမ်ထောင်ရေး ဖောက်ပြန်မှုနှင့် ဒိုင်ယာနာ၏ ခံစားချက်၊ တကျက်ကျက်ဖြစ်ခဲ့သော နန်းတွင်း အိမ်ထောင်ရေး ပဋိပက္ခ၊ ဒိုင်ယာနာ၏ ပြည်ပခရီးများတွင် အနီးကပ် မင်းမှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ရင်း မြင်တွေ့ ခဲ့ရသည့် ဒိုင်ယာ၏ အတွင်းကြေ ခံစားမှုများ၊ အိမ်ထောင်ကွဲပြီး ဒိုင် ယာနာ၏ ဘဝ၊ အများ စိတ်ဝင်စားကြသည် ဒိုဒီနှင့် ဆက်ဆံရေး အပါအဝင် ဒိုင်ယာနာနှင့် ပတ်သက်၍ သိမြင်ခဲ့ရသည်များကို ဖွင့်ချဖော်ထုတ် ရေးသားထားသည်။ Paul Burrellသည် ဘုရင်မ ကြီး၊ ချားလ်စ်မင်းသား၊ ဒိုင်ယာနာမင်းသမီးတို့ ထံတွင် ၂၁ နှစ်လုံးလုံး တာဝန်ကျေပွန်စွာ အမှုတော်

ထမ်းနိုင်ခဲ့သည့်အတွက် ဘုရင်မကြီး၏ ထောက်ခံမှုဖြင့် Royal Victorian Medalကို ချီးမြင့်ခြင်းခံခဲ့ရ သည်။ သူ၏ စိတ်ဝင်စားဖွယ်ကောင်းသော ဤစာအုပ်ကို ဆရာဝင်းငြိမ်း၏ သွက်လက်သော ဘာသာပြန် ကလောင်အားနှင့်အတူ လက်မှ မချချင်အောင် ဖတ်ရှုကြရမည်ဖြစ်သည်။

---

သံနှင့် သွေး/နန္ဒ
Myanmar : ဦးစန်းဦး 2023
570p. ; 14x21cm.
9789997131270
USD : 18.00 / PB
530 gm.

https://www.marymartin.com/web?pid=853627

စာရေးဆရာ နန္ဒ၏ လက်ရာကျော် သမိုင်းဝတ္ထုရှည်တစ်ပုဒ်ဖြစ်သည်။ အင်းဝ တံတား ဦးနယ်သား ဓားရေးကောင်းသော ညို၊ လူပုံပျော့ပျော့နှင့် နန်းတွင်းရေးကိုမှ စိတ်ဝင်စားသော ငစို၊ နှုတ်ခမ်းမွှေးစစနှင့် ကောက်ကျစ်စဉ်းလဲသော ရွှေဘိုငနောင်၊ ညို၏ အနွံ့အတာခံသော သူငယ်ချင်း ကောင်း ငတွန်၊ ညို၏ ချစ်သူ ဒွေးမယ်၊ ငစိုကို ချစ်ပါလျက် ငနောင်နှင့် လက်ထပ်ရပြီး ကြေကွဲဖွယ် ဘဝအဆုံးသတ်ရသော ခင်မှုံ၊ မျက်နှာမှာ ဓားခုတ်ရာကြီးပါသော လူကြမ်းကြီး ဦးမင်းဒန်စသည့် ဇာတ်ဆောင်များဖြင့် ဝတ္ထုကို ရုပ်လုံးဖော်ထားသည်။ မြန်မာစာ ပါမောက္ခဟောင်း ဆရာမောင် ခင်မင် (ဓနုဖြူ)က " .. အရေးအသားကလည်း အလွန် ဆွဲဆောင်အားကောင်းသည်။ "ဟုတ်သယ်" တို့ "မွေ့ မေလေး"တို့လို စကားသံကို ကြားယောင်လာအောင် ရေးဖွဲ့နိုင်သည်။ အညာလေ အပြည့်ပါ သော ပြောစကားများ အသက်ဝင်သည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်း နန်းတွင်းရေးရာများနှင့် လည်း စိတ်ဝင်စားဖွယ် ဖွဲ့ယှက်ထားသည်။ မြန်မာယောက်ျားကောင်းတို့ သံနှင့်ပြုလုပ်ထားသော ဓားကို ကိုင်လိုက်သည်နှင့် သွေးကျိုက်ကျိုက်ဆူသည့် သဘောကို အလေးအနက် ဖော်ညွှန်း ထားသည်"ဟု ဤဝတ္ထုအပေါ် အမွှမ်းတင်ထားသည်။

---

တိုကျို =Tokyo Bay/မောင်ထွန်းသူ = Anthony Grey
Myanmar : ဦးစန်းဦး 2023
612p. ; 14x21cm.
9789997131508
USD : 21.00 / PB
554 gm.

https://www.marymartin.com/web?pid=853628

Anthony Grey ရေးသားသည့် Tokyo Bay စာအုပ်ကို ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။ အကြောင်းအရာမှာ တံခါးပိတ်ဝါဒ ကျင့်သုံးနေသည့် စစ်ကြိုခေတ် ဂျပန်နိုင်ငံနှင့် အနောက်နိုင်ငံများကြား၌ ဖြစ်တည်လာခဲ့သည့် ပြိုင်ဆိုင်မှုများကို မီးမောင်ထိုးပြထားခြင်းဖြစ်သည်။ အထူးသဖြင့် ပုလဲဆိပ်ကမ်း၊ နာဂါစကီးနှင့် ဟီရိုရှီးမားစသော မြို့ကြီးများ၏ နောက်ပိုင်း ဖြစ်ရပ်များ ဆီသို့ ဦးတည်သွားရာ သမိုင်းလမ်းကြောင်းကို ရေးဖွဲ့ထားသည်။ စိတ်ကူးယဉ်တတ်သော နယူး အင်္ဂလန်ပြည်နယ်သား လူငယ်အရာရှိ ရောဘတ်အီဒင် တစ်ယောက် မုန်းတီးမှုများကြားမှ လူမျိုးနှစ် မျိုး၊ နိုင်ငံနှစ်ခု၏ မတူညီသော ယဉ်ကျေးမှုများကို စေ့စပ်ရန်ကြိုးစားရင်း ဂျပန်ဆာမူရိုင်းများကို ဦးဆောင်သူ

မင်းသား တာနာယာယိုရှီအို၊ အလွန်ချစ်စရာကောင်းပြီး လှပသော ဂျပန်ဂေရှာနယ် တို ကီဝါတို့နှင့် တွေ့ဆုံမိကာ အံ့သြထိတ်လန့်ဖွယ် ဖြစ်ရပ်များဖြစ်ပေါ်လာပုံကို ဇာတ်လမ်းဆင် ရေးသား ထားခြင်း ဖြစ်သည်။

---

ကုမ်ရာသီ အက်ဆေးများ/နေဝင်းမြင့်
Myanmar : ဦးဝင်းချို 2023
USD : 18.00 / PB

https://www.marymartin.com/web?pid=853629

---

ဆူးပန်းခွေ သွယ်ဘယက်နှင့် ပေရွက်လိပ် နားတောင်းဆင်/ခင်ခင်ထူး
Myanmar : ဦးဝင်းချို 2023
592p. 14x20cm.
9774941832891
USD : 22.50 / PB
536 gm.

https://www.marymartin.com/web?pid=853630

ယခင်က ကျောင်းဆရာမဖြစ်ခဲ့သူ စာရေးသူက သူပထမဆုံး တာဝန်ထမ်းဆောင်ရာ မန္တလေး - မတ္တရာ ရထားလမ်းဘေး ပေါက်တောရွာ၌ သူဖြတ်သန်းခဲ့ရသည့် တောကျောင်းဆရာ မ၏ ဘဝကို ဝတ္ထုရှည်တစ်ပုဒ်အဖြစ် ဇာတ်လမ်းဖွဲ့ ရေးသားထားခြင်းဖြစ်သည်။

---

အချစ်ဆုံးသူရဲ့ အတ္ထုပ္ပတ္တိ (အင်္ဂလိပ် + မြန်မာ)/နွမ်ဂျာသိုင်း
Myanmar : ဦးမိုးဇော်ဟိန်း 2023
USD : 10.50 / PB

https://www.marymartin.com/web?pid=853631

---

တပင်ရွှေထီး ဝတ္ထုတော်ကြီး (၄ တွဲ ပေါင်းချုပ်)/လယ်တီပဏ္ဍိတဦးမောင်ကြီး
Myanmar : ဦးစန်းဦး 2023
672p. ; 19x27cm.
9789997131256
USD : 30.00 / PB
1228 gm.

https://www.marymartin.com/web?pid=853632

မြန်မာ့သမိုင်းတွင် ဘုန်းတန်ခိုးကြီးမားခြင်း, ကျော်စောထင်ရှားခြင်းစသည့် ဂုဏ် သတင်းများဖြင့် လွှမ်းခြုံသော တပင်ရွှေထီးအကြောင်းကို အတ္ထုပ္ပတ္တိဝတ္ထုတစ်ပုဒ်အနေဖြင့် လယ်တီပဏ္ဍိတဦးမောင်ကြီးက ရေးသားထားခြင်း ဖြစ်သည်။ သူသည် ဘုရင်ဖြစ်ချိန်၌ အသက် ၁၄ နှစ်ကျော်မျှသာ ရှိသေးသော်လည်း သူအုပ်ချုပ် မင်းလုပ်ရသော မြန်မာနိုင်ငံကို

မြန်မာအမျိုးသားတို့ ကြီးပွားသောနိုင်ငံဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ ထို့မျှမက သူ၏ သတင်းများသည် အနောက်ဥရောပနိုင်ငံများတိုင်အောင် ကျော်ကြားခဲ့သဖြင့် ဥရောပတိုင်းရင်းသားများ ခစားခံလှုံရန် လာရောက် ခဲ့သည်အထိ ဘုန်းမီးနေလ တောက်ပခဲ့သည်။ ဤစာအုပ်တွင် သူ၏ အကြောင်းနှင့်အတူ တိုင်းပြည် ရေးရာ စစ်ရေးရာတို့၌ အရေးကုန်လွှဲပုံ၍ ယုံကြည်အားထားခဲ့သူ "သျှင်ရဲထွတ်"ခေါ် "ဘုရင့်နောင် ကျော်ထင်နော်ရထာကြီး"အကြောင်းကို လည်းကောင်း၊ ဘုရင့်နောင်ကို လက်ရုံးတစ်ဆူပြု၍ စစ်ပွဲ ကြီး အမျိုးမျိုးကို ဆင်နွှဲခဲ့ပုံများနှင့် အောင်ပွဲခံခဲ့ပုံများကိုလည်းကောင်း၊ သူတို့နှစ်ဦး သုံးခဲ့သည့် စစ် သေနင်္ဂဗျူဟာများအကြောင်းကို လည်းကောင်း၊ တပင်ရွှေထီးလက်ထက်တော်တွင် ကဗျာပညာရှိ တို့ ရေးသားဖွဲ့ဆိုခဲ့ကြသော ကဗျာများကိုလည်းကောင်း၊ တပင်ရွှေထီးသည် သူမြေပေါ်ရောက် ဥ ရောပသားတို့၏ အမူခလေ့များကို လိုက်စားသဖြင့် အဆုံးတိုင်မှားယွင်းပျက်စီးခဲ့ပုံများကို လည်းကောင်း အချက်အလက်စုံလင်စွာဖြင့် စိတ်ဝင်စားဖွယ် ရေးသားထားသည်ကို တွေ့ရသည်။

---

ဝံပုလွေများနှင့် ကခုန်သူ = Dances With Wolves/မောင်ထွန်းသူ = Michael Blake
Myanmar : ဦးစန်းဦး 2023
368p. ; 13x20cm.
9789997111470
USD : 12.00 / PB
334 gm.

https://www.marymartin.com/web?pid=853633

နာမည်ကျော်စာရေးဆရာ Michael Blake ၏ ပထမဆုံးဝတ္ထုဖြစ်သော Dances With Wolves ကိုဆရာမောင်ထွန်းသူက ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။ လွတ်လပ်သော ရက်အင်ဒီး ယန်း လူမျိုးစုတို့၏ ဘဝကို အပီအပြင်ရေးဖွဲ့ထားနိုင်သော ဝတ္ထုဟု ဆိုကြပြီး၊ စွန့်စားခန်းဝတ္ထု ကောင်းတစ်ပုဒ်ဟုလည်းဝေဖန်ရေးဆရာများက အသိအမှတ်ပြုရသည့် လက်ရာကောင်းတစ်ခု လည်း ဖြစ်သည်။ ၁၈၆၃ ခုနှစ်တစ်ဝိုက်ကို အခြေပြုကာ ထိုနှစ်ထိုကာလများက ရှိခဲ့သော ကွန်မင်ချီ ချက်အင်ဒီးယန်း လူမျိုးစုနှင့် အမေရိကန်စစ်တပ်မှ ဗိုလ်ကလေး ဂျွန်ဂျေ၊ ဒမ်ဘာတို့ကြား ဆက်စပ် ယှက်နွယ်မှုများကို ဇာတ်အိမ်ဖွဲ့ရေးသားထားခြင်းဖြစ်သည်။ သာယာလှပသော လွင်ပြင်များပေါ်၌ နှစ်ပေါင်းများစွာကတည်းက နေထိုင်ခဲ့ကြသော ကိုယ်ရော, စိတ်ပါ လွတ်လပ်ခဲ့ကြသည့် ရက်အင်ဒီး ယန်းတို့၏ ဘဝ၊ လူသားတို့၏ ချစ်ချင်းမေတ္တာနှင့် မတူညီသော လူမှုအဖွဲ့အစည်းများကြားလွန်ဆွဲမှု များကို သည်းထိပ်ရင်ဖို စွန့်စားခန်းများနှင့်အတူ ဖတ်ရှုရမည်ဖြစ်သည်။

---

ထောင်နှင့် မိခင်/လူထုဒေါ်အမာ
Myanmar : ဦးငြိမ်းချမ်း 2023
USD : 4.50 / PB

https://www.marymartin.com/web?pid=801092

---

ဗုဒ္ဓနိုင်ငံတော်အနှစ်ချုပ်/အရှင်ဝိစိတ္တသာရ (သာသနာ့တက္ကသိုလ်)

Myanmar : ဦးကျော်ဖုန်းမြတ် 2023

576p. ; 17x24cm
9789997159335
USD : 30.00 / HB
1194 gm.

https://www.marymartin.com/web?pid=853634

ဗုဒ္ဓဘာသာသမိုင်းကြောင်းကို အတိအကျ အစစ်အမှန် မသိသေးသူများအတွက် ဖျာပုံ မြို့ စက်ာရန်အောင်ကျောင်းတိုက် ရွှေကျင်နာယက ပရိယတ္တိသာသနဟိတဓမ္မာစရိယ အရှင်သံဝရာ ဘိဝံသရေးသားသည့် ဗုဒ္ဓနိုင်ငံတော် ၃ တွဲကို အနှစ်ချုပ်ပေးထားသော စာအုပ်ဖြစ်သည်။ ဗုဒ္ဓမြတ် စွာသည် ကိုးကွယ်ရာအစစ်ဖြစ်ပုံ၊ ဗုဒ္ဓသာသနာတော်၏ အမှန်ကောင်းမြတ်ပုံများ၊ ဗုဒ္ဓလက်ထက် တော်၌ ဗုဒ္ဓသာသနာတော် မည်သို့စည်ပင်တိုးတက်ပြန့်ပွားခဲ့ပုံ၊ ဗုဒ္ဓသာဝကအဆက်ဆက်နှင့် သာသနာပြုမင်းအဆက်ဆက်တို့ကလည်း ဗုဒ္ဓသာသနာကို ဆက်လက်ပြုစုပျိုးထောင်ခဲ့ကြ၍ သာသနာတော်ထွန်းကားတိုးတက်စည်ပင်ပြီး အခြားနိုင်ငံများထိ ပြန့်ပွားခဲ့ပုံ၊ ဗုဒ္ဓသာသနာတော် လွှမ်းမိုးရာဌာနများအကြောင်း၊ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာ စတင်ရောက်ရှိလာပုံနှင့် ထေရဝါဒ ဗုဒ္ဓသာသနာကို အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ပုံများကို ဤတစ်အုပ်တည်းနှင့် ခြုံငုံ လေ့လာသိရှိကြရမည် ဖြစ်သည်။

---

သား/မောင်ထွန်းသူ

Myanmar : ဦးစန်းဦး 2013

USD : 3.00 / PB

https://www.marymartin.com/web?pid=853635

---

Like/အကြည်တော်

Myanmar : ဆုပြည့်စုံထွန်း 2023

USD : 9.00 / PB

https://www.marymartin.com/web?pid=853636

---

ကျွန်မက အင်္ဂလိပ်မှ မဟုတ်တာ မောင်/အကြည်တော်

Myanmar : ဆုပြည့်စုံထွန်း 2023

USD : 7.50 / PB

https://www.marymartin.com/web?pid=853637

---

ချစ်သူသာ ပန်းတစ်ပွင့် ဖြစ်ခဲ့လျှင်/ပုညခင်

Myanmar : ဒေါ်သင်းသင်းမာ 2023

USD : 10.50 / PB

https://www.marymartin.com/web?pid=853638

---

အစွမ်းကုန်သန့်ရှင်းရေးနှင့် အခြားဝတ္ထုတိုများ/သိန်းဖေမြင့်
Myanmar : The Key Collection 2023
84p. ; 14x21cm.

USD : 4.50 / PB
90 gm.

https://www.marymartin.com/web?pid=853639

ငါ့လင်နှင့် ငါ့ငွေ၊ ဆိုသစ္စာ၊ အမေ၊ အစွမ်းကုန်သန့်ရှင်းရေးဟူသော စာရေးသူ၏ ဝတ္ထုတို ၄ ပုဒ် စုစည်းမှု စာအုပ်ဖြစ်သည်။

---

ကျောင်းဆရာမှတ်တမ်း/တင်ညွန့်
Myanmar : ဦးနေထွန်း 2023
500p. ; 14x21cm.

USD : 22.50 / PB
424 gm.

https://www.marymartin.com/web?pid=853640

စာရေးသူ ကျင်လည်ခဲ့ရသည့် မူလတန်းဆရာဘဝ၊ အလယ်တန်းဆရာဘဝ၊ ကွန်ပျူတာဆရာဘဝဖြတ်သန်းမှု အတွေ့အကြုံများကို မှတ်တမ်းတင်ရေးသားထားသော စာအုပ် ဖြစ်သည်။ "ပီတိကိုစား အားရှိပါ၏" ဆိုသည့်အတိုင်း မပြည့်စုံမှုများကြားမှ စာပေသင်ကြားခဲ့ရပုံ များ၊ ပန်းခင်းလမ်းမဟုတ်သည့် ဘဝကို ကိုယ်ရည်သွေးခြင်းမရှိဘဲ ကိုယ့်လမ်းကိုယ်ခင်းပြီး လျှောက် ခဲ့ရပုံများကို စာအုပ်တွင် ဖတ်ရှုကြရမည် ဖြစ်သည်။ စာရေးသူသည် ဤစာအုပ်ဖြင့် ၂၀၁၇ ခုနှစ် အမျိုးသားစာပေဆု (စာပဒေသာ)ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ အမျိုးသားစာပေဆုရ စာအုပ် (National Literary Award Winner Book)

---

ရိုးမပေါ်မှာ ကျတဲ့မျက်ရည်/တင်ညွန့်
Myanmar : ဦးနေထွန်း 2023
424p. ; 14x21cm.

USD : 18.00 / PB
380 gm.

https://www.marymartin.com/web?pid=853641

ကျောင်းဆရာများ၏ လူနေမှုဘဝ အနိမ့်ဘုံမှ လှိုင်းလေထန်သော ရေဆန်ခရီး ဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်။

---

လက်တွေ့အသုံးချ ဂျပန်စကားပြော (Applying for Japanese)/တအိချောစံ (Taichosan)

Myanmar : ဦးအောင်ခိုင်မြင့် 2023
USD : 9.00 / PB

https://www.marymartin.com/web?pid=853642

---

တောရိုင်းမြေ = Virgin Soil Upturned/ကျော်အောင် = Mikhail Sholokhov
Myanmar : ဒေါ်သိမ့်သူစိုး 2023
702p ; 14x21cm.
5201544072026
USD : 22.50 / PB
628 gm.

https://www.marymartin.com/web?pid=853643

Mikhail Sholokhov ရေးသားသည့် Virgin Soil Upturned စာအုပ်ကို ဘာသာပြန်ဆို ထားခြင်း ဖြစ်သည်။ မဟာအောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေး ပြီးခါစ ဆိုဗီယက် ပြည်ထောင်စု၌ ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ကို နောက်ခံထားကာ နိုင်ငံရေးနှင့် အချစ်ရေးတို့ကို ရောမွှေရေးသားထားသော ဝတ္ထုရှည်တစ်ပုဒ် ဖြစ်သည်။

---

နွံ/မယ်လွင်
Myanmar : ဦးမင်းထက်ဟန် 2023
USD : 7.50 / PB

https://www.marymartin.com/web?pid=853644

---

စာဖတ်ခြင်းမှ ... စာရေးခြင်းသို့ (စာရေးလိုသူ ဝါသနာရှင်များအတွက် စာစုများ)/နောင်ရိုးနွယ်
Myanmar : ဦးနိုင်ဝင်းဇော် 2023
USD : 6.00 / PB

https://www.marymartin.com/web?pid=853645

---

လက်ျာဘီလူး (အလောင်းဘုရားလူ)/သန်ရာဇာ
Myanmar : ဦးကျော်ကျော်လှိုင် 2023
USD : 10.50 / PB

https://www.marymartin.com/web?pid=853646

---

မော်ကွန်းကဗျာအညွန်း/လွင်မြန်မာ (မန်းတက္ကသိုလ်)
Myanmar : စာပေဗိမာန် 2023
218p. ; 14x21cm.

USD : 6.00 / PB
234 gm.

https://www.marymartin.com/web?pid=853647

မြန်မာစာပေသမိုင်း၌ ပေါ်ပေါက်ဖြစ်ထွန်းခဲ့သော မော်ကွန်းကဗျာများထဲမှ လူသိများ ထင်ရှားသော အကြောင်းအရာမတူသည့် 'မော်ကွန်း' ရှစ်စောင်နှင့် ၎င်းမော်ကွန်းများ ရေးဖွဲ့သော 'မော်ကွန်း'စာဆို ခြောက်ဦး၊ ရဟန်းနှစ်ပါးနှင့် လူပုဂ္ဂိုလ်လေးဦးတို့၏ အကြောင်းအရာနှင့် မော်ကွန်း တို့၏ စာပေ၊ သုတ၊ ရသတို့ကို မိတ်ဆက်ထားသော စာအုပ်ဖြစ်သည်။ ၎င်းမော်ကွန်း ရှစ်စောင်ကို မော်ကွန်း စာဆိုအတ္ထုပ္ပတ္တိ၊ မော်ကွန်းနောက်ခံ၊ မော်ကွန်းဦးတည်ချက်၊ မော်ကွန်း အကြောင်းအရာ၊ မော်ကွန်း အရေးအဖွဲ့ဟူ၍ (၅)မျိုး ခေါင်းစီးတပ်ကာ ညွှန်းဆိုထားသည်။ အညွှန်းဆိုခံမော်ကွန်းများ မှာ ပြည်စုန်မော်ကွန်း၊ ရွှေနန်းတည်မော်ကွန်း၊ တံတားဦးတည် မင်္ဂလာစေတီတော်မော်ကွန်း၊ ပုံတောင်နိုင်မော်ကွန်း၊ ရတနာပြောင် ဆင်တော်မော်ကွန်း၊ မိတ္ထီလာကန်တော်ဖွဲ့မော်ကွန်း၊ တရုတ် သံရောက်မော်ကွန်း၊ ရတနာနဒီဖွဲ့ မော်ကွန်းတို့ဖြစ်ကြသည်။ ညွှန်းဆိုရာတွင် ရသမြောက်သရုပ်ဖော် အဖွဲ့၊ စကားအသုံးအနှုန်း၊ ဂုဏ်အလင်္ကာ၊ မော်ကွန်းအချပိုဒ် ကာရန်ယူပုံ စသည်တို့ကို ခွဲခြားပြထား သည့်အတွက် မော်ကွန်းတို့၏ သဘောသဘာဝကို သိရှိခံစားနားလည်နိုင်သော စာအုပ်ကောင်းတစ် အုပ် ဖြစ်သည်။ စာရေးသူသည် ဤစာအုပ်ဖြင့် ၂၀၂၁ ခုနှစ်၊ စာပေဗိမာန်စာမူဆု၊ သုတေပဒေသာ (ဝိဇ္ဇာ) တတိယဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

---

ရှေးမြို့ဟောင်းများ သမိုင်းခြေရာခံ (ခရီးသွားလေ့လာရေးဆောင်းပါးများ)/မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်)
Myanmar : စာပေဗိမာန် 2023
200p. ; 14x21cm.

USD : 6.00 / PB
214 gm.

https://www.marymartin.com/web?pid=853648

သဲကုန်းမြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်း၊ မြို့တစ်ပေါက်မြို့ဟောင်း၊ တဘူးမြို့ ဟောင်း၊ သာယာဝတီမြို့ဟောင်း၊ လှိုင်မြို့ဟောင်း၊ ဘုရားကြီးမြို့ ဟောင်းနှင့် ပြည်မြို့ ဟောင်းများ အကြောင်းကို မျက်မှောက်ခေတ် တူးဖော်တွေ့ရှိပစ္စည်းမှတ်တမ်း၊ ကောင်းကင်မြေပုံ၊ ဆွဲမြေပုံများ နှင့်အတူ သုတေသနပြု ရေးသားထားသော စာအုပ်ဖြစ်သည်။ကို ဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ရေးသား ထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။ စာရေးသူသည် ဤစာအုပ်ဖြင့် ၂၀၂၁ ခုနှစ် စာပေဗိမာန်စာမူဆု၊ စာပဒေသာ ပထမဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

---

ဗိုလ်တထောင်မင်းသမီး မြနန်းနွယ် (Bo Ta Htaung Princess Mya Nan Ngwe)/မင်းခေါင်
Myanmar : ဦးမျိုးဆင့် 2023
USD : 10.50 / PB

https://www.marymartin.com/web?pid=853649

---

ငါ့ အနာဂတ်လမ်း (စိတ်ခွန်အားပေး အတွေးအမြင်စာစုများ)/ပီသ

Myanmar : ဦးဇာနည်အေး 2023
98p. ; 14x21cm.

USD : 4.50 / PB
124 gm.

https://www.marymartin.com/web?pid=853650

စာရေးသူ ရေးသားသည့် စိတ်ခွန်အားဖြည့်ဆောင်းပါး (၂၂) ပုဒ် စုစည်းမှု ဖြစ်သည်။

---

ကဗျာသာရတ္ထသင်္ဂြိုဟ်/သခင်ကိုယ်တော်မှိုင်း
Myanmar : ဦးစန်းဦး 2023
USD : 12.00 / PB

https://www.marymartin.com/web?pid=853651

---

ချစ်သလား/မောင်ဝဏ္ဏ
Myanmar : ဦးစန်းဦး 2023
USD : 7.50 / PB

https://www.marymartin.com/web?pid=853652

---

ကမ္ဘာ့ဂန္ထဝင်စာပေလက်ရာမွန် မိတ်ဆက်/ဘဝသစ်ဦးအောင်ကျော် (မောင်ကြာညို)
Myanmar : ဦးစန်းဦး 2023
202p. ; 14x21cm.
9789997131454
USD : 9.00 / PB
192 gm.

https://www.marymartin.com/web?pid=853653

မဟာဘာရတ၊ အိုဒစ်ဆီး၊ ဒွန်ကွီစုတ်၊ ဂါလီဗာ၏ ခရီးစဉ်များ အစရှိသည်တို့ အပါအဝင် ကမ္ဘာ့ဂန္ထဝင် လက်ရာမွန် ၁၀ ခုကို ရှင်းလင်းမိတ်ဆက် ဝေဖန်သုံးသပ်အကဲဖြတ်ထား သော စာအုပ်ဖြစ်သည်။ ထို့ပြင် စာရေးသူ မန္တလေး တက္ကသိုလ်တွင် ပညာသင်ကြားစဉ် ပထမဆုံး ပုံနှိပ်လက်ရာအဖြစ် ဖော်ပြခြင်း ခံခဲ့ရသော 'ဘိုင်အို ကျောင်းသူထံပေး မေတ္တာစာ' စာစုကိုလည်း အမှတ်တရအဖြစ် ပြန်လည်ဖော်ပြထားသည်။ ဆရာကြီး၏ ငယ်လက်ရာမှ ပညာသားပါသော အဖွဲ့ အနွဲ့နှင့် အထေ့အငေါ့ ရေးသားပုံကို စာအုပ်တွင် ပြန်လည်ဖတ်ရှုနိုင်ကြမည် ဖြစ်သည်။

---

သက်တံရောင် စိတ်ကူးများ (ခွန်အားဖြည့် အလင်းစက်ကလေးများ)/ယွန်း @ Precious Y
Myanmar : ဦးနိုင်ဝင်းဇော် 2023
USD : 6.00 / PB

https://www.marymartin.com/web?pid=853654

---

လူဆိုတဲ့ လူ/ပါမောက္ခဒေါက်တာရဲနိုင်
Myanmar : ဦးမျိုးဆင့် 2023
USD : 7.50 / PB

https://www.marymartin.com/web?pid=853655

---

မိမိကိုယ်ကို ဆုံးမခြင်း/ကောင်းသန့်
Myanmar : ဦးခင်မောင်ကြွယ် 2023
USD : 6.00 / PB

https://www.marymartin.com/web?pid=853656

---

ခေတ်စမ်းကဗျာနှင့် နိမိတ်ပုံ/သုလင်းဝေ
Myanmar : ဦးသန်းစိန် 2023
USD : 9.00 / PB

https://www.marymartin.com/web?pid=853657

---

ပန်းပြလမ်းနှင့် အခြားကဗျာများ/ဇလွန်ကျော်ဦး
Myanmar : စာပေဗိမာန် 2023
136p. ; 14x21cm.

USD : 6.00 / PB
148 gm.

https://www.marymartin.com/web?pid=853658

လေးလုံးစပ်၊ လေးချိုး၊ လေးဆစ်ချိုးနည်းများဖြင့် ရေးစပ်ထားသည့် ကဗျာ (၈၉) ပုဒ် ပါရှိသည့် စာအုပ်ဖြစ်သည်။ စာရေးသူသည် ဤစာအုပ်ဖြင့် ၂၀၂၁ ခုနှစ်၊ စာပေဗိမာန်စာမူဆု ကဗျာ ပေါင်းချုပ် တတိယဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ စာပေဗိမာန် စာမူဆုရ စာအုပ် (SapayBeikman Manuscript Literary Award Winner

---

ငွေလရောင်ကျိန်စာ/လင်းခန့်
Myanmar : ဒေါ်သိမ့်သူစိုး 2023
USD : 6.00 / PB

https://www.marymartin.com/web?pid=853659

---

လမ်းပျောက်/ဖိုးနိုင်လင်း
Myanmar : ဒေါ်သိမ့်သူစိုး 2023
USD : 4.50 / PB

https://www.marymartin.com/web?pid=853660

---

ညို/ထွန်းတောက်ထွဋ် (သချ်ာ)
Myanmar : ဒေါ်သိမ့်သူစိုး 2023
USD : 7.50 / PB

https://www.marymartin.com/web?pid=853661

---

ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အခြားဝတ္ထုတိုများ/မင်းသန့်
Myanmar : ဦးကျော်ဇင် 2023
USD : 6.00 / PB

https://www.marymartin.com/web?pid=853662

---

တစ်ညတွက်တာ ကိလေသာနှင့် အခြားဝတ္ထုတိုများ/စိုးသိဏ်း
Myanmar : U Myint Thu 2023
280p. ; 15x22cm.
9789998651265
USD : 12.00 / PB
350 gm.

https://www.marymartin.com/web?pid=853663

အင်္ဂလိပ်လူမျိုး၊ နိုင်ငံရေးသမား၊ စာရေးဆရာ JEFFREY ARCHER ရေးသားသည့် The New Collected Short Stories စာအုပ်ထဲမှ ဝတ္ထုတိုများကို ရွေးချယ် ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။ အကြောင်းအရာ ရိုးရှင်းသော်လည်း မထင်မှတ်တဲ့ လှည့်ကွက်ကလေးတွေနဲ့ အဆုံးသတ် ထားသည့် ဝတ္ထုဇာတ်လမ်း (၁၉) ပုဒ် ပါရှိသည်။

---

ပန်းချီဆရာ၏ အဖွဲ့တွဲနှင့် အခြားဝတ္ထုတိုများ/စိုးမင်းဦး
Myanmar : U Myint Thu 2023
USD : 12.00 / PB

https://www.marymartin.com/web?pid=853664

---

လွမ်းနေဦးမည့် ငွေတောင်ပြည်/ပျိုး
Myanmar : ဦးပြည့်အာကာ 2023
USD : 9.00 / PB

https://www.marymartin.com/web?pid=853665

---

လင်ပျောက်ရှာပုံတော်/စိုးထိုက်
Myanmar : ဆုပြည့်စုံထွန်း 2023
126p. ; 18x22cm.
9789998650381
USD : 7.50 / PB
126 gm.

https://www.marymartin.com/web?pid=853666

ကမ္ဘာကျော်စာရေးဆရာကြီး R.K. Narayan ရေးသားသည့် Grandmother's Tale စာအုပ်ကို ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။ မူရင်းစာရေးသူ၏ အဘွား 'ဘာလာ" သည် အသက် ? နှစ်အရွယ်တွင် 'ဗစ္စဝါ' ဆိုသော အသက် ၁၀ နှစ်အရွယ် ကောင်လေးနှင့် ဓလေ့ထုံးစံအရ လက်ထပ်ခဲ့ ရပြီး အရိုးစွဲ ဟိန္ဒူလူမျိုးတို့၏ ဇနီးတစ်ယောက်ဘဝ ရောက်ခဲ့ရသည်။ ထိုစဉ် ခင်ပွန်းဖြစ်သူ ဗစ္စဝါမှာ ဘာလာအား ခရီးဝေးသွားတော့မည် ပြောဆိုကာ ဘယ်ရယ်မသိ ထွက်သွားခဲ့လေသည်။ ပူဆွေး သောကဖြင့် ဘာလာသည် အမျိုးသမီးတန်မဲ့ အိန္ဒိယပြည်ကြီးအနှံ့ ခက်ခက်ခဲခဲ တစ်ဦးတည်း လိုက် ရှာခဲ့ရာ မြို့တစ်မြို့တွင် "ဆာမာ" ဟူသော အမျိုးသမီးဖြင့် အိမ်ထောင်ကျ နေထိုင်နေသည်ကို တွေ့ လိုက်ရရာ...

---

လောကပြတင်း မဂ္ဂဇင်းဝတ္ထုများ/မနှင်းဖွေး
Myanmar : ဦးသိန်းလွင် 2023
USD : 10.50 / PB

https://www.marymartin.com/web?pid=853667

---

လွတ်မြောက်ခြင်း (ဗုဒ္ဓနည်းကျ စိတ်ခွန်အားဖြည့်စာများ)/ဂျူန (COLOMBO)
Myanmar : ဦးမျိုးသူစိုး 2023
USD : 7.50 / PB

https://www.marymartin.com/web?pid=853668

---

မောင်သာနိုး အမှတ်တရ (ကဗျာ၊ အက်ဆေး၊ ဆောင်းပါး၊ အမှတ်ရချက်များ)/မောင်သာနိုး , သစ္စာနီ , မောင်ကိုကို (အမရပူရ) , ဇေယျာလင်း , ကိုခါး (ကွမ်းခြံကုန်း) , အောင်ချိမ့် , ကြည်လင်အေး , စိုင်းဝင်းမြင့် , မောင်ညီညွတ် , မြတ်သစ် , မောင်စွမ်းရည် , စေတ , မောင်ပြည့်မင်း , ခင်အောင်အေး , စံညိမ်းဦး , မင်းဆွေနှစ် (မုံရွာ) , အိုအောင် , မော
Myanmar : ဦးစိန်ဝင်း 2023
300p. ; 14x21cm.
9248480503555
USD : 12.00 / PB

314 gm.

https://www.marymartin.com/web?pid=853669

မြန်မာစာပေလောကတွင် ထင်ရှားသည့် စာရေးဆရာကြီးတစ်ဦးအဖြစ် မှတ်ယူခြင်းခံ ရသူ၊ 'ထင်ရှူးပင်ရိပ်' စာအုပ်ဖြင့် မော်ဒန်စာပေကို မြန်မာစာပေလောကတွင် မိတ်ဆက်ပေးခဲ့သူ၊ ဘာသာစကားဆိုင်ရာနှင့် ကဗျာများစွာ ရေးသားခဲ့သူ ဆရာမောင်သာနိုး၏ အမှတ်တရအဖြစ် ကလောင်ရှင်အသီးသီးတို့က ဆောင်းပါးတစ်ပုဒ်စီဖြင့် ဂုဏ်ပြုရေးသားထားကြခြင်း ဖြစ်သည်။

---

အမှတ်စဉ် သုည/မြတ်သစ်
Myanmar : ဦးဝင်းဇော်လတ် 2023
246p. ; 14x21cm.

USD : 10.50 / PB
240 gm.

https://www.marymartin.com/web?pid=853670

ဝန်ကြီးချုပ် ကုလားထိုင်မှာ သုံးကြိမ် သုံးခါ ထိုင်ခဲ့သည့် ဘာလူစကိုနီခေတ်က ကျော်ပေမယ့် မြန်မာမကျော်သေးသည့် အီတလီစာရေးဆရာကြီး Umerto Eco ရေးသားသ Numero Zero စာအုပ်ကို ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။ အီတလီ နိုင်ငံရေးနှင့် စာနယ် လောကကို ပီပြင်စွာသရုပ်ဖော်သော ဝတ္ထုတစ်ပုဒ် ဖြစ်သည်။

---

ပန်းတွေပွင့်တဲ့ ကမ္ဘာ (လူငယ်ဝတ္ထုတိုများ)/ဇော်မြင့်နီ
Myanmar : စာပေဗိမာန် 2023
140p. ; 14x21cm.

USD : 4.50 / PB
152 gm.

https://www.marymartin.com/web?pid=853671

ကလေးအရွယ်မှ အရွယ်ရောက်သည်အထိ စာသင်ကျောင်းဝန်းကျင်၊အညာကျေးရွာ ဝန်းကျင်တို့ကိုအခြေခံကာ ကျောင်းစာကြိုးစားလိုစိတ်၊ လူအချင်းချင်း စာနာထောက်ထားကူညီ ဖေးမလိုစိတ်၊ သတ္တဝါများကို သနားကြင်နာတတ်သော စိတ်၊ လူမှုစည်းကမ်းများ လိုက်နာလိုစိတ်၊ သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်ထိန်းသိမ်းလိုစိတ်၊ မိမိဇာတိရပ်ရွာကို ချစ်ခင်မြတ်နိုး ကျေးဇူးဆပ်လို စိတ်တို့ ပေါက်ဖွားရှင်သန်လာအောင် လှုံ့ဆော်ရေးသားထားသည့် ဝတ္ထုတို (၂၄) ပုဒ် ပါရှိသည့် စာအုပ်ဖြစ်သည်။ စာရေးသူသည် ဤစာအုပ်ဖြင့် စာပေဗိမာန်စာမူဆု၊ လူငယ်စာပေ တတိယဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

---

မြန်မာ့သွေး/မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်)

Myanmar : စာပေဗိမာန် 2023
158p. ; 14x21cm.

USD : 6.00 / PB
172 gm.

https://www.marymartin.com/web?pid=853672

မြန်မာနိုင်ငံ နယ်ချဲ့ အင်္ဂလိပ်တို့၏ လက်အောက်ကျရောက်ခဲ့စဉ်က သူ့ကျွန်မခံ ဆန့်ကျင်တွန်းလှန်ခဲ့သော မြန်မာ့မျိုးချစ် ပြောက်ကျားခေါင်းဆောင် ဗိုလ်မြတ်ထွန်းအကြောင်း နောက်ခံထား ရေးဖွဲ့တင်ပြထားသည့် ပြဇာတ်တစ်ပုဒ် ဖြစ်သည်။ စာရေးသူသည် ဤစာအုပ်ဖြင့် စာပေဗိမာန်စာမူဆု၊ ပြဇာတ်စာပေ ပထမဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

---

အချစ်ရဲ့ Café/နေဗလ်
Myanmar : ဦးစိုးမင်းအောင် 2023
USD : 7.50 / PB

https://www.marymartin.com/web?pid=853673

---

ကျွန်တော့်ကိုယ်စား ပြောပေးပါ/ကျော်ဟိန်း
Myanmar : ဦးစန်းဦး 2023
USD : 10.50 / PB

https://www.marymartin.com/web?pid=853674

---

မောင်လေးကောက်ရ/နတ်မောက် အနီချို
Myanmar : ဟေမန်လှဝင်း 2023
USD : 6.00 / PB

https://www.marymartin.com/web?pid=853675

---

ပိုအေးချမ်းတဲ့ ကိုယ်/လွန်းထားထား
Myanmar : အောင်မြင် 2023
USD : 9.00 / PB

https://www.marymartin.com/web?pid=853676

---

မျက်နှာပျောက်နေသူ/တင်ဦးခက်
Myanmar : The Key Collection 2023
USD : 7.50 / PB

https://www.marymartin.com/web?pid=853677

ဂီတရေစီးကြောင်းပေါ်က အမာရွတ်တစ်ခု ပွတ်သပ်မိခြင်းနှင့် ဟောလိဝုဒ်လမ်းကလေး (ရသခံစားမှုစာစုများ)/မောင်ဆွေခင် (ခရမ်းပြာ)
Myanmar : ဦးဝင်းအောင် 2023
124p. ; 14x21cm.
9720171893331
USD : 6.00 / PB
140 gm.

https://www.marymartin.com/web?pid=853678

ဂီတ၊ အနုပညာ၊ ဂီတစာဆိုတို့နှင့် ပတ်သက်၍ စာရေးသူ ရေးသားခဲ့သည့် ဆောင်းပါး များ၊ ဘဝဖြတ်သန်းမှု အတွေ့အကြုံဆောင်းများ စုစည်းမှု စာအုပ်ဖြစ်သည်။

---

ဖူးစာဟု ဆိုသော်လည်း ... = If You Love Me .../N Maria Seng
Myanmar : ဦးမိုးဇော်ဟိန်း 2023
356p. ; 15x22cm.

USD : 15.00 / PB
404 gm.

https://www.marymartin.com/web?pid=853679

စာရေးသူ ရေးသားသည့် အချစ်ဝတ္ထုရှည်တစ်ပုဒ် ဖြစ်သည်။

---

ဘာသာပြန်ကဗျာများ (၂၀၁၈ - ၂၀၂၂)/မောင်ဒေး
Myanmar : ဦးစိန်ဝင်း 2023
132p. ; 14x21cm.
9248480503586
USD : 7.50 / PB
124 gm.

https://www.marymartin.com/web?pid=853680

၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း စာရေးသူ ဖတ်ရှု နှစ်ခြိုက်၍ ဘာသာပြန်ဆိုခဲ့သည့် ကဗျာများ စုစည်းမှု စာအုပ်ဖြစ်သည်။

---

အလွတ်စုံထောက် မောင်ဖိုးသိ ပါဝင်သော ကလေးစုံထောက်ဝတ္ထုတိုများ စုစည်းမှု/နိုင်မြင့်
Myanmar : ဦးဆန်းအောင်သူ 2023
176p. ; 13x21cm.
9202375248549
USD : 6.00 / PB

160 gm.

https://www.marymartin.com/web?pid=853681

အမေရိကန် စာရေးဆရာ Donald J. Sobol ၏ ကလေးဝတ္ထုတိုများကို မြန်မ ဇာတ်ကောင်အမည်များဖြင့် မြန်မာမှုပြု ဘာသာပြန်ဆို ရေးသားထားခြင်း ဖြစ်သည်။

---

သခွတ်ပန်း/ခင်နှင်းယု
Myanmar : ဦးကျော်ဇင် 2023
USD : 7.50 / PB

https://www.marymartin.com/web?pid=853682

---

အမြောက်ဆန်လေးရဲ့ဘဝခရီး Never Grow Up : Jackie Chan with Zhu Mo/အဲလ်ဗစ်
Myanmar : ဦးမြင့်ထွန်း 2023
478p. ; 14x21cm.
9789998650510
USD : 24.00 / PB
514 gm.

https://www.marymartin.com/web?pid=853683

Jackie Chan ရေးသားသည့် Never Grow Up စာအုပ်ကို ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။ အန္တရာယ်များသည့် သည်းထိတ်ရင်ဖို စွန့်စားခန်းများ၊ သိုင်းကွက်များကြောင့် တစ်ကမ္ဘာ လုံးရှိ ပရိသတ်များ၏ အားပေးခြင်းကို ခံခဲ့ရသူ ဂျက်ကီချမ်း၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ် ဖြစ်သည်။ အသက်ခြောက်နှစ်အရွယ်တွင် တရုတ်ဒရမ်မာအကယ်ဒမီရောက်ရှိခဲ့ပုံ၊ နာစရာရှိက နာ, အော်စရာရှိက အော်ပြီး ရယ်စရာ တသီကြီးနှင့် အက်ရှင်ဇာတ်ကားများတွင် သရုပ်ဆောင်ရင်း ဟောင်ကောင်နှင့် ဟောလိဝုဒ်တွင် အောင်မြင်မှု၊ ကျရှုံးမှုများ ကြုံတွေ့ခဲ့ရပုံ၊ လဲရာမှ အကြိမ်ကြိမ်ထ ခဲ့ပြီးနောက် အောင်မြင်မှုရလာပုံများကို အကောင်းချည်းသက်သက်မဟုတ်၊ သူမှားခဲ့သည်များ၊ သင်ခန်းစာရယူဖွယ်ရာများနှင့်အတူ မှတ်တမ်းတင် ရေးသားထားသည်။

---

TANGO Bilingual poems/ဒေါက်တာစိုးသန်း (Ph. D (English Studies) University of Nottingham, UK)
Myanmar : ဦးစန်းဦး 2023
USD : 10.50 / PB

https://www.marymartin.com/web?pid=853684

---

၁၉၉၇/ဒီလူည
Myanmar : - 2023
132p. ; 14x21cm.

4210257388448
USD : 6.00 / PB
136 gm.

https://www.marymartin.com/web?pid=853685

စာရေးသူ ရေးသားသည့် လုံးချင်းဝတ္ထုရှည်တစ်ပုဒ် ဖြစ်သည်။

---

အခြေခံထိုင်းစကားပြော/Son Jai
Myanmar : ဦးမျိုးသူစိုး 2023
148p. ; 19x26cm.

USD : 15.00 / PB
268 gm.

https://www.marymartin.com/web?pid=853686

အကြောင်းအမျိုးမျိုးကြောင့် ထိုင်းသို့ရောက်ရှိနေသည့် မြန်မာများ ထိုင်း ဘာသာစကားကို အလွယ်တကူသင်ယူလေ့လာနိုင်အောင် ရှင်းလင်းရေးသားထားသည့် စ ဖြစ်သည်။

---

အနီးမွေး အဝေးကြိုင်/တက္ကသိုလ်တေဇာလင်း
Myanmar : အောင်ချမ်းပြည့် 2023
930p. ; 13x19cm.

USD : 22.50 / PB
1096 gm.

https://www.marymartin.com/web?pid=853687

ရဟန်းဝတ်ဖြင့် စာပေနယ်ရော သံဃာနယ်ပယ်တွင်ပါ နှံ့နှံ့စပ်စပ်ရှိသူ စာရေးသူက သူ နှင့် ထိစပ်မှုရှိခဲ့ဖူးသည့် ဆရာတော်၊ သံဃာတော်များနှင့် ပတ်သက်၍ ရေးသားထားသည့် ဆောင်းပါးများကို စုစည်း၍ စာအုပ်အဖြစ် ထုတ်ဝေထားခြင်း ဖြစ်သည်။ ချင်းတောင်တန်း သာသနာပြုဆရာတော်၊ ကြောင်ပန်းဝိပဿနာ ဓမ္မကထိကဆရာတော်၊ အုတ်တွင်း ကန်ကလေး တောရကျောင်းဆရာတော်၊ ပခုက္ကူ ဇောဓိမဏ္ဍိုင်ဆရာတော်၊ သာမဏေကျော်ဘွဲ့ရသူများ၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်များ၊ အဘိဓဇ ဆရာတော်များ၊ တိပိဋကဆရာတော်များ၊ သက်တော် ရာပြည့် ဆရာတော်ကြီးများ၊ ဓမ္မကထိက၊ ကဗျာဆရာ၊ စာရေးဆရာ၊ စာချ၊ ကမ္မဋ္ဌာနစရိယ ဆရာတော်များအကြောင်း ပါရှိသည်။ ဆရာတော်များ၏ ကြည်ညိုဖွယ် အကြောင်းအရာများအပြင် ပါဠိ အဋ္ဌကထာ ဋီကာ စာသားများ၊ ကဗျာအလင်္ကာ၊ အဆိုအမိန့်များကိုပါ ထည့်သွင်းရေးသား ထားသည်ကို တွေ့ရသည်။

---

ရင်သွေးရတနာ ပိုင်ဆိုင်ချင်သော မေမေများသို့ ခွန်အားဖြည့် စာစုများ/မိုမိုစု (ဆေးတက္ကသိုလ်)

Myanmar : ဒေါ်နွယ်နွယ်ဝင်း 2023
USD : 9.00 / PB

https://www.marymartin.com/web?pid=853688

---

ရခိုင်ပြည်သုံး ဒင်္ဂါးနှင့် ခေတ်ပြိုင်ဒင်္ဂါးများ (Coins of Arakan and Contemporary Coins)/မောင်ဖြူ (ကြို့တဲကျွန်း)
Myanmar : မောင်မောင်ကျော် 2023
604p. ; 20x28cm.

USD : 120.00 / HB
1872 gm.

https://www.marymartin.com/web?pid=853689

လူမျိုးတစ်မျိုး၊ တိုင်းပြည်တစ်ခု၏ သမိုင်းကြောင်းကို အခြေခံကျကျ တင်ပြရာတွင် ခိုင်လုံသော အထောက်အထားများမှာ 'ဒင်္ဂါး'နှင့် 'ကျောက်စာ" တို့ဖြစ်သည်။ ဒင်္ဂါးသည် အချုပ်အခြာအာဏာပိုင်သော တိုင်းပြည်၏ အရှင်သခင် ဘုရင်များသည် ခပ်နှိပ်လေ့ရှိသည့်အတွက် ထိုခေတ်ထိုကာလ ထိုလူမျိုးတို့၏ ဘာသာစကားနှင့် စာပေယဉ်ကျေးမှု အဆင့်အတန်းကို ဂုဏ်မှတ ဆင့် လေ့လာသုံးသပ်နိုင်မည် ဖြစ်သည်။ စာရေးသူသည် ရခိုင်ပြည်၏ ဝေသာလီခေတ်၊ လေးမြို့ နှင့် မြောက်ဦးခေတ်၊ ရှေးခေတ် ရခိုင်ပြည် အနောက်ဘက်ဒေသကို အုပ်ချုပ်ခဲ့သော အနောက်ဘုရင်ခံ များခေတ်၊ ရခိုင်ပြည်နှင့် ခေတ်ပြိုင်ဖြစ်ခဲ့သော ကုရှန်အင်ပါယာခေတ်၊ ဂုပ္တအင်ပါယာခေတ်၊ ဆူလ တန်အင်ပါယာခေတ်၊ မဂိုအင်ပါယာခေတ် အပါအဝင် ခေတ်အဆက်ဆက် ခပ်နှိပ်ခဲ့ကြသည့် ဒင်္ဂါး များ၏ ပုံ၊ ပုံပါစာများ ရှင်းလင်းချက်၊ သမိုင်းရှုထောင့်၊ ယဉ်ကျေးမှု အနုပညာရှုထောင့်မှ လေ့လာ သုံးသပ်ချက်များကို အသေးစိတ် ရေးသားရှင်းလင်းထားသည်။

---

တစ်သက်လျာ/ဒဂုန်ခင်ခင်လေး
Myanmar : ဦးစန်းဦး 2023
USD : 4.50 / PB

https://www.marymartin.com/web?pid=853690

---

ရင်ကပ်ပန်းနှင့် အခြားဝတ္ထုတိုများ/မအေးပွင့်
Myanmar : ဒေါ်အေးအေး 2023
172p. ; 14x21cm.

USD : 6.00 / PB
162 gm.

https://www.marymartin.com/web?pid=853691

မေတ္တာနှင့် အချစ်၏ အနှောင်အဖွဲ့များဖြင့် ရစ်သိုင်းဖော်ညွှန်းထားသော ဝတ္ထုတို (၁၄) ပုဒ် ပါရှိသည့် စာအုပ် ဖြစ်သည်။

---

တစ်ခါက ... ပင်လယ်/အေထူးအောင် (အဏ္ဏဝါ)

Myanmar : ဦးပြည့်အာကာ 2023

144 ; 14x21cm.
9782023000410
USD : 7.50 / PB
148 gm.

https://www.marymartin.com/web?pid=853692

ပင်လယ်စွန့်စား သင်္ဘောသားများ၏ ဘဝနှင့် စိတ်ခံစားချက်ကို ရေးသားထားသော ဝတ္ထုရှည်တစ်ပုဒ် ဖြစ်သည်။

---

တစ်ယောက်သောသူက တစ်ယောက်သောသူကို (ဝတ္ထုတိုများ)/သော်တာအေးလွဲ

Myanmar : ဦးမင်းထက်ဟန် 2023

USD : 10.50 / PB

https://www.marymartin.com/web?pid=853693

---

ပုံတစ်ပုံကောင်း စကားလုံးတစ်သောင်း (A Picture's Worth A Thousand Words) (A Vocabulary book)/ပါမောက္ခစာတည်းအဖွဲ့

Myanmar : ဒေါ်ဝိုင်းသက်ငွေးလှိုင် 2023

126p. ; 19x26cm.

USD : 7.50 / PB
240 gm.

https://www.marymartin.com/web?pid=853694

ကလေးများ အင်္ဂလိပ်ဝေါဟာရစေရန် ရည်ရွယ်၍ ကစားနည်းများ၊ လေ့ကျင့်ခန်းများ ဖြင့် ရှင်းလင်းရေးသားထားသော စာအုပ်ဖြစ်သည်။ စာအုပ်ကို လေ့လာခြင်းအားဖြင့် နေ့စဉ်သုံး ဝေါဟာရ (၁၅၀၀) ခန့်ကို သုံးစွဲပုံကို ရင်းနှီးကျွမ်းဝင်မှုရှိလာမည်ဟု ဆိုထားသည်။

---

ကျွန်တော် ရောက်ခဲ့ဖူးသော မြန်မာ့ရှေးဟောင်းမြို့ပြများ/မောင်သာ (ရှေးဟောင်းသုတေသန)

Myanmar : နေမျိုးထက် 2023

250p. ; 14x21cm.
9789997179661
USD : 7.50 / PB
258 gm.

https://www.marymartin.com/web?pid=853695

ရှေးဟောင်းသုတေသနပညာရပ်ကို ဝါသနာထုံသည့် စာရေးသူသည် မြန်မာတို့၏ ယဉ်ကျေးမှု အမွေအနှစ်များ စုဝေးရာ မြို့ဟောင်းများသို့ သွားရောက်လေ့လာရာမှ လေ့လာတွေ့ရှိခဲ့ သည်များကို သမိုင်းရှုထောင့်၊ ယဉ်ကျေးမှုရှုထောင့်များမှ လေ့လာသုံးသပ် ရေးသားထားခြင်း ဖြစ်သည်။

---

အနှောင်အဖွဲ့ကင်းသော မေတ္တာနှင့် အခြားဝတ္ထုတိုများ/ညွန့်ဝင်း (နတ်တလင်း)

Myanmar : ဦးဆန်းအောင်သူ 2023

176p. ; 13x21cm.
9202375248570
USD : 6.00 / PB
160 gm.

https://www.marymartin.com/web?pid=853696

စာရေးသူ ရေးသားသည့် ကလေးဝတ္ထုတို (၃၆) ပုဒ် စုစည်းမှု စာအုပ်ဖြစ်သည်။

---

ဖေဖေပြောတဲ့ ဘဘအကြိုက်/ဖေယျာပိုင်ရွှေ (ပခုက္ကူ)

Myanmar : ဦးမျိုးဆင့် 2023

432p. ; 14x21cm.

USD : 15.00 / PB
406 gm.

https://www.marymartin.com/web?pid=853697

စာရေးသူ ရေးသားသည့် လုံးချင်းဝတ္ထုရှည်တစ်ပုဒ် ဖြစ်သည်။

---

မိုးစက်တို့ မျောလွင့်ရာ/ဘရိုင်ယန်အေး

Myanmar : ယဉ်ထွန်း 2023

USD : 3.00 / PB

https://www.marymartin.com/web?pid=853698

---

မှတ်တမ်းမရေးထားသော နှလုံးသားထဲက ပုံရိပ်များ (အတွဲ ၂)/U Myint Maung Tznine

Myanmar : ဦးသိန်းဝင်း 2023

396p. ; 16x22cm.
9699000859209
USD : 12.00 / PB
464 gm.

https://www.marymartin.com/web?pid=853699

တပ်မတော်၌ တပ်သားဘဝမှ ဗိုလ်မှူးကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားတပ်မတော်သားတစ်ဦး၏ ကိုယ်တွေ့ကျင်လည်ဖြတ်သန်းလာခဲ့သော မှတ်သားဘွယ်၊ သင်ခန်းစာယူဖွယ် ဘဝအတွေ့အကြုံများကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

---

ဗုဒ္ဓဂယာက ပဟေဠိနှင့် မြန်မာစာရေးရာစာများ/စောလူ
Myanmar : U Myint Thu 2023
240p. ; 18x25cm.
9789998651319
USD : 13.50 / PB
380 gm.

https://www.marymartin.com/web?pid=853700

ပုဂံခေတ်မှသည် မျက်မှောက်ခေတ်အထိ မြန်မာစာပေအကြောင်း ရေးသားထားသည့် ဆောင်းပါးများ စုစည်းမှု စာအုပ်ဖြစ်သည်။ ပုဂံခေတ် ဗုဒ္ဓဂယာ မဟာဗောဓိကျောက်စာ၊ ပင်းယခေတ် သီဟသူမင်းနှင့် အဆင်အန္တယ်တို့၏ ကျောက်စာများ၊ အင်းဝခေတ် ရှင်မဟာသီလ ဝံသ၏ စာများအပြင် မျက်မှောက်ခေတ် ကဗျာရွတ်ဆိုမှု၊ အလင်္ကာဆန်းစစ်မှု၊ သတင်းစာခေါင်းကြီး ရေးသားမှုအကြောင်းစာများ စုံစုံလင်လင်ပါရှိသည်။ ဆောင်းပါးများသည် ဗဟုသုတဖြန့်ဝေရေး အပြင် စဉ်းစားဆင်ခြင်ရေးကို အသားပေး ရေးသားထားခြင်း ဖြစ်သည်။

---

ကိုးကန့်မင်းသမီး အောလစ်(ဖ်)ယန်/နိုင်ဦး
Myanmar : ဦးဘိုဘိုမျိုးကြည် 2023
USD : 13.50 / PB

https://www.marymartin.com/web?pid=853701

---

ကတူး၊ ကနန်းတိုင်းရင်းသားတို့၏ ကိုးကွယ်ယုံကြည်မှုနှင့် ရိုးရာဓလေ့ထုံးစံများ/အရှင်ပညိန္ဒ (သာသနာ့တက္ကသိုလ်)
Myanmar : ဦးသန်းနိုင် 2023
356p. ; 14x21cm.

USD : 13.50 / PB
398 gm.

https://www.marymartin.com/web?pid=853702

ပျူ၊ ကမ်းယံ၊ သက်ဟူသော မြန်မာ့ရှေးဦးလူမျိုးတို့တွင် တစ်မျိုးအပါအဝင်ဖြစ်သော သက်မျိုးနွယ်စုဝင် ကတူးတိုင်းရင်းသားနှင့် ကနန်းတိုင်းရင်းသားများ၏ ကိုးကွယ်ယုံကြည်မှုနှင့် ရိုးရာဓလေ့ထုံးစံများအကြောင်း မှတ်တမ်းတင်ထားသော စာအုပ်ဖြစ်သည်။ နိုင်ငံတော် ပရိယတ္တိသာ သနာ့တက္ကသိုလ် (ရန်ကုန်)သို့ မဟာဘွဲ့ယူကျမ်းအဖြစ် တင်သွင်းသောကျမ်းကို စာအုပ်အဖြစ် ထုတ် ဝေထားခြင်း ဖြစ်သည်။ စစ်ကိုင်းတိုင်း အထက်ပိုင်းတွင် အများစုနေထိုင်ကြသော ကတူးနှင့် ကနန်း တိုင်းရင်းသားတို့၏ နောက်ခံသမိုင်း၊ ဘာသာရေးဆိုင်ရာ ဓလေ့များ၊ နတ်ပသမှုဆိုင်ရာဓလေ့များ မွေးဖွားချိန်မှ သေဆုံးပြီးချိန်အထိ ပြုလုပ်ဆောင်ရွက်လေ့ရှိသော နေ့စဉ်လူမှုဘဝဓလေ့များ၊

ကတူး နှင့် ကနန်းလူမျိုးနှင့် ဆက်နွယ်၍ ထင်ရှားသော ပုဂ္ဂိုလ်များ၊ ကတူး ကနန်းဒေသရှိ ရှေးဟောင်းသာ သနိက အဆောက်အအုံများ အသေးစိတ်ပါရှိသည်။

---

လူငယ်နှင့် အနာဂတ်ကမ္ဘာ (စိတ်ဓာတ်ခွန်အားစာစုများ)/သံစဉ်သစ်
Myanmar : ဦးမောင်မောင်ထွဋ် 2023

96p. ; 21x92cm.
9798233325465
USD : 4.50 / PB
116 gm.

https://www.marymartin.com/web?pid=853703

စာရေးသူ ရေးသားသည့် စိတ်ခွန်အားဖြည့်ဆောင်းပါးများ စုစည်းမှု စာအုပ်ဖြစ်သည်။

---

ဆမ္မာဆက်မွန်၏ လင်းဘတ်မြို့မှ လီဇာ/မောင်နှင်းဝေ
Myanmar : ဒေါ်အိဝတ်ရည်ထွန်း 2023

USD : 7.50 / PB

https://www.marymartin.com/web?pid=853704

---

မြန်မာနှင့် ပျူတို့၏ ဇာတိရင်းမြစ် လေ့လာချက်များ/တင်မောင်ဦး (ရွှေပြည်)
Myanmar : ဦးဆန်းအောင်သူ 2023

570p. ; 16x26cm.
9202375248594
USD : 27.00 / PB
838 gm.

https://www.marymartin.com/web?pid=853705

မြန်မာနိုင်ငံ၏ ပထဝီပညာရပ်ဆိုင်ရာ သိသင့်သော အချက်များ၊ ရှေးဦးလူနေမှုဘဝ၏ အရေးကြီးဆုံးဖြစ်သော မြန်မာနိုင်ငံမှ မြစ်ကြီး မြစ်ငယ် မြစ်လက်တက်များ၊ လူသား စ,တင်ဖြစ်ပေါ်စေသော ပုံတောင်ပရိုင်းမိတ်ရုပ်ကြွင်းများ စသည်ဖြင့် ကျောက်ခေတ်ဦး၊ ခေတ်လယ်၊ ခေတ်သစ်၊ ကြေးခေတ်၊ သံခေတ် ယဉ်ကျေးမှုများ ထွန်းကားလာပုံ၊ တကောင်း, ဝတီး, ဟံလင်း, ပင်လယ်, ဗိဿနိုး, သရေခေတ္တရာ စသော ပျူမြို့ကြီးများနှင့် ပတ်သက်သည့် ရှေးဟောင်းသုတေသနဌာနတူး ဖော်ရေး အစီရင်ခံစာ၊ ပျူနှင့် မြန်မာတို့၏ အထောက်အထားနှင့် ပတ်သက်၍ ဆရာကြီးဦးရည်စိန်၊ ဒေါက်တာလု(စ်)၊ ဆရာကြီးဦးဖိုးလတ်၊ ဒေါက်တာသန်းထွန်းစသော ပညာရှင်များအပြင် ဒေါက်တာ ဘော့ဟတ်ဆင်၊ ဒေါက်တာဂျင်းနက်စတားဂတ်၊ ဒေါက်တာအဲလီဇဘတ်မိုးစသော သမိုင်းသုတေသီ များ၏ အဆိုအမိန့်များ၊ နိုင်ငံခြားသုတေသီတို့၏ လက်သုံးဖြစ်သည့် 'မိုက်ဂရေးရှင်း" ခေါ် လူသား များ အစုလိုက် ပြောင်းရွှေ့ခြင်း၏အဆိုသည် ဖြစ်နိုင်ခြင်း ရှိ မရှိ လေ့လာသုံးသပ်ချက် အစရှိသည်တို့ ကို အသေးစိတ် ရှင်းလင်းရေးသားထားသော စာအုပ်ဖြစ်သည်။

---

ရေနဲ့ မျှားတဲ့ ငါးပလူနှင့် အခြားဝတ္ထုတိုများ/မြေလတ်မင်းလွင်
Myanmar : ဒေါ်နီနီအောင် 2023
USD : 9.00 / PB

https://www.marymartin.com/web?pid=853706

---

စာပေ စာရေးသက် ၅၅ နှစ် အမှတ်တရ/မောင်ညီညွတ်
Myanmar : ဦးလပြည့်ဝေး 2023
228p. ; 14x21cm.

USD : 7.50 / PB
212 gm.

https://www.marymartin.com/web?pid=853707

စာရေးသူ၏ စာပေလောက ဖြတ်သန်းမှုအတွေ့အကြုံများ၊ ကြုံဆုံခဲ့ရသည့် ပုဂ္ဂိုလ် များ၊ စာပေခံစားမှုအမြင်နှင့် အရေးအသားဝေဖန်သုံးသပ်ချက်များကို ဆောင်းပါး (၃၅) ပုဒ်ခွဲ၍ ရေးသားမျှဝေထားခြင်း ဖြစ်သည်။

---

မှူခင်းနှင့် လျှို့ဝှက်သည်းဖို (ဘာသာပြန်ဝတ္ထုတိုများ)/မောင်ခေတ်ထွန်း
Myanmar : ဦးလပြည့်ဝေး 2023
USD : 6.00 / PB

https://www.marymartin.com/web?pid=853708

---

နွမ်းလှငှက်ငယ်/သက်ပိုင်
Myanmar : ဦးပြည့်အာကာ 2023
USD : 13.50 / PB

https://www.marymartin.com/web?pid=853709

---

BISEXUAL တစ်ဦးရဲ့ အချစ်ဒိုင်ယာရီ/ခရေသွေး
Myanmar : ဦးမျိုးသူစိုး 2023
USD : 9.00 / PB

https://www.marymartin.com/web?pid=853710

---

စိုးလွင်လွင် သို့မဟုတ် မိုးကောင်းကင်ကို ဖွင့်ခဲ့သူ/ဒေဝ , စိုးလွင်လွင် (အဆိုတော်) , မဖြူ , ရွှေအိမ်စည်
Myanmar : ဒေါ်မေနန္ဒာ 2023
USD : 10.50 / PB

https://www.marymartin.com/web?pid=853711

---

ကြေးနီရောင် ညနေခင်းနှင့် အခြားမဂ္ဂဇင်းဝတ္ထုရှည်များ/အေးမင်းဇော
Myanmar : ဦးလပြည့်ဝေး 2023
USD : 12.00 / PB

https://www.marymartin.com/web?pid=853712

---

တာစိုး (အတွဲ ၂) (နှမသဏ္ဌာ မဲခရဲကို လိုက်လတ်ပါ)/ထွဋ်ခေါင်
Myanmar : ဦးမြင့်စိုး 2023
314p. ; 14x21cm.

USD : 10.50 / PB
346 gm.

https://www.marymartin.com/web?pid=853713

အင်္ဂလိပ်လက်ထက် ကိုလိုနီခေတ်တွင် မာန်အောင်ကျွန်းသို့ ဘိန်းမှောင်ခိုလုပ်ငန်း ဝင် ရောက်လာပုံကို ဝတ္ထုဇာတ်လမ်းတစ်ပုဒ်အဖြစ် ရေးသားထားခြင်း ဖြစ်သည်။ မာန်အောင်ကျွန်း လူ့အဖွဲ့အစည်းတွင် "တာစိုး"ဟူသော လူတန်းစားတစ်ရပ် စ,တင်ပေါ်ပေါက်လာခဲ့သည့် ၁၈၅၀ ဝန်းကျင်ကာလကို နောက်ခံထား၍ ဇာတ်အိမ်တည်ထားသည်။

---

သိမှတ်ဖွယ်ရာ Prepositional Phrase များ/ဆရာဦးထွန်းစိန် (EEE)
Myanmar : ဦးထွန်းစိန် 2023
USD : 10.50 / PB

https://www.marymartin.com/web?pid=853714

---

ချစ်စရာ့ကလေးများ (ကလေးဝတ္ထုတိုများ)/ရေနံမြေမောင်မောင်ကြည်
Myanmar : ဦးမျိုးဆင့် 2023
USD : 6.00 / PB

https://www.marymartin.com/web?pid=853715

---

အရိုးဆရာဝန်တစ်ယောက်ရဲ့နှလုံးသား/ဒေါက်တာခင်မောင်အေး (အရိုး)
Myanmar : ဒေါ်နွယ်နွယ်ဝင်း 2023
190p. ; 14x21cm.

USD : 10.50 / PB
184 gm.

https://www.marymartin.com/web?pid=853716

မန္တလေးသား အရိုးဆရာဝန်တစ်ဦးဖြစ်သူ စာရေးသူက သူဖြတ်သန်းခဲ့ရသော ဘဝ အတွေ့များ၊ ဆရာဝန်ဘဝ ကျင်လည်မှုများနှင့် ဝန်ထမ်းဘဝ ကြုံတွေ့ခဲ့ရမှုများ၊ လောကဓံ အနိမ့် အမြင့်အကြောင်း၊ ဘဝနေဝင်ချိန် လက်ရှိအချိန်တွင် ပြောင်းလဲလာသော အတွေးအပိုင်းအစများကို ဆောင်းပါးများခွဲ၍ ရေးသားမျှဝေထားခြင်း ဖြစ်သည်။

---

လှိုင်းစီးတဲ့ မြစ် ရထားစီးတဲ့ ဘူတာ (အသွင်မတူ အဆင်ကွဲ ရသအတွေးစာစုများ)/မောင်ကြည်သာ (တောင်တွင်း) , မင်းတပ်ဦးအောင်ခင် , မင်းတင်ထွဏ်း , ထိုက်မောင် (မန္တလေး) , မောင်စိုးသစ် (မန္တလေး) , နှင်းဆီညို (ပခုက္ကူ)
Myanmar : အောင်ချမ်းပြည့် 2023
USD : 12.00 / PB

https://www.marymartin.com/web?pid=853717

---

အင်းဝခေတ် ဂန္ထဝင် - ပို့ဆိုရှင် ရှင်အုန်းညို၏ ဂါထာခြောက်ဆယ်ပို့နှင့် လေ့လာသုံးသပ်ချက်များ/အရှင်ပညာသီဟ (သာသနဓဇဓမ္မာစရိယ, သာသနတက္ကသီလမဟာဓမ္မာစရိယ) (M.A;Buddhism)
Myanmar : အရှင်ပညာသီဟ (သာသနဓဇဓမ္မာစရိယ, သာသနတက္ကသီလမဟာဓမ္မာစရိယ) (M.A;Buddhism) 2023
294p. ; 14x21cm.
USD : 10.50 / PB
330 gm.

https://www.marymartin.com/web?pid=853718

လတကာတို့ထက် သာလွန်သော ပြိုင်ဘက်ကင်းသော နောင်တော်လအဖြစ်ရှုမြင်ခြင်း ခံရပြီး 'တပေါင်းသာခေါင် လများနောင်" ဟု ဖွဲ့ဆိုကြသည့် တပေါင်းလအကြောင်းကို ခံစားရမည့် ဂါထာခြောက်ဆယ်ပို့ အကြောင်းကို ပို့နောက်ခံသမိုင်း၊ မူရင်းဂါထာနှင့် နိဿယ၊ ပို့စာကိုယ် မူရင်းနှင့်အတူ ရှင်းလင်းရေးသားထားသော စာအုပ်ဖြစ်သည်။ မြတ်ဗုဒ္ဓနှင့် သံဃာတို့အပေါ် ယုံကြည်မှု သဒ္ဓါတရားတိုးပွားပြီး ဆောင်းအကုန် နွေအကူး တပေါင်းလရာသီ၏ မြင်ကွင်း၊ ရာဇ ဗြဲဟ်နှင့် ကပိလဝတ်တို့အကြား ဒေသကာလရှုခင်းများ၊ ဤပို့ ဖြစ်ပေါ်ရာ အင်းဝခေတ်အခြေအနေ ကိုလည်း စာအုပ်မှတဆင့် လေ့လာသိရှိနိုင်ကြမည် ဖြစ်သည်။

---

တိဘက်တောင်တန်းများမှသည် (တိဘက်လားမား ရဟန်းတော်တစ်ပါး၏ ဘဝခရီး) = Lama Yeshe Losal Rinpoche - From a Mountain in Tibet (A Monk's Journey)/နှန်းနှန်း (ရှမ်းပြည်)
Myanmar : ဦးကျော်ဖုန်းမြတ် 2023
344p. ; 14x21cm.
9789997159342
USD : 12.00 / PB
352 gm.

https://www.marymartin.com/web?pid=853719

Lama Yeshe Losal Rinpoche :: From a Mountain In Tibet: A Monk's Journey စာအုပ်ကို ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။ စိမ်းလန်းတဲ့ တောင်တန်းတွေနဲ့ သာယာလှပ အေးချမ်းလှသည့် တိဘက်ဒေသနှင့် တိဘက်လူမျိုးတို့၏ ရိုးရှင်းသော ဘဝနေထိုင်မှု၊ ကွန်မြူနစ်တရုတ်တပ်များ၏ရန်မှ လွတ်မြောက်ရန် ဟိမဝန္တာတောင်တန်းကြီးကို ဖြတ်ကျော်၍ အိန္ဒိယအထိ ရှစ်လကြာ ခြေလျင်လျှောက်ခဲ့ရသော ခရီးကြမ်းကြီး၊ မတည်မြဲခြင်းနှင့် မေတ္တာတရား ဆိုသည့် ဗုဒ္ဓတရားကို လက်ကိုင်ထားပြီး မိသားစု၊ယဉ်ကျေးမှု၊ဇာတိမြေ ဆုံးရှုံးမှုတွေကြားမှ ဘဝ တွင်ရှင်သန်ခဲ့ရသူ၊ အရက်၊မူးယစ်ဆေး၊ကာမဂုဏ်နှင့် ယုံကြည်ကိုးကွယ်မှု လမ်းသစ်ရှာဖွေသူ ကိုယ်ပိုင်လွတ်လပ်မှုလိုလားသူ အနောက်နိုင်ငံသားများနှင့် တိဘက်မဟာယာနဗုဒ္ဓဘာသာ၊ လာမား၊ ရင်ပိုချေး၊ တူလ်ကူ စသော တိဘက်ဘုန်းတော်ကြီးများ၏ လျှို့ဝှက်ဆန်းကြယ်သော လူဝင်စားမှု ဆိုင်ရာ တန္တရ၊မန္တရ လျှို့ဝှက်ခက်ခဲသော ကျင့်စဉ်များအကြောင်းကို ထဲထဲဝင်ဝင် သိရှိရမည့် စာအုပ် ဖြစ်သည်။

---

စည်သွပ်ဘူးထဲက လူငယ်များ/မင်းခိုက်စိုးစံ
Myanmar : ဦးကျော်ကျော်လှိုင် 2023
USD : 7.50 / PB

https://www.marymartin.com/web?pid=853720

---

ဘားတော့ဗရက်၊ ဂင်းစဘတ်၊ ဘရီတန်၊ အက်ခမာတိုဗာ၊ ရှင်ဘော်စကာနှင့် မီလော့/နရီမင်း
Myanmar : ဦးကျော်ကျော်လှိုင် 2023
160p. ; 14x21cm.
9789998657106
USD : 7.50 / PB
172 gm.

https://www.marymartin.com/web?pid=853721

ဂျာမန်ကဗျာဆရာ ဘားတော့ဗရက်၊ အမေရိကန်ကဗျာဆရာ အယ်လင်းဂင်းစဘတ်၊ ပြင်သစ်စာရေးဆရာ အင်ဒရေဘရီတန်၊ ရုရှားကဗျာဆရာမ အင်နာ အက်ခမာတိုဗာ၊ ပိုလန်ကဗျာမ ဝုစ်စလာဝါ ရှင်ဘော်စကာ၊ ပိုလန်ကဗျာဆရာ ချက်စလိုမီးလော့တို့က လက်ရွေးစင်ကဗျာများကို ဘာသာဆိုထားခြင်း ဖြစ်သည်။

---